# နွေဦးအသံ

the voice of spring

11.6.2021 · Friday · No . 65 · Daily News Pamphlet

## တိုင်းနှင့်ပြည်နယ်ဒေသအသီးသီးကို ငွေကျပ်သိန်း(၄၇၀) ခန့်တန်ဖိုးရှိအကူအညီများ NUG ပေးအပ်ထောက်ပံ့ခဲ့

သတင်းတို ရင်းမြစ် – NUG မှ

## စစ်အာဏာရှင်ဒဏ်ကို ခံစားနေရသည့်မြန်မာနိုင်ငံသားများကို ကူညီရန် ပေါင်(၂၈)သန်း UK အစိုးရလျာထား

သတင်းတို ရင်းမြစ် – NUG မှ

## တရားရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ကို ထပ်မံဖွဲ့စည်းခဲ့ပြီး စစ်ကောင်စီ၏တပ်မတော်နှင့်အပေါင်းအပါအဖွဲ့အစည်းများကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ခဲ့ခြင်းအပါအဝင် (၁၁)ချက်ပါရှိသော NUG အစိုးရ၏လုပ်ဆောင်ချက်များကို အသိပေးထုတ်ပြန်

သတင်းတို ရင်းမြစ် – NUG မှ

## ဆိုင်ကယ်သပိတ်နှင့် ပြောက်ကျားသပိတ်စစ်ကြောင်းများကို နိုင်ငံအနှံ့၌ နေ့စဉ်မပြတ် ပြုလုပ်ခဲ့ကြ







ဇွန်လ(၁၀)ရက်၊ မန္တလေးမြို့ မဟာမိတ်တပ်ပေါင်းစုသပိတ်စစ်ကြောင်းနှင့် ဖားကန့်မြို့ တိုင်းရင်းသားပေါင်းစုံပင်မသပိတ်စစ်ကြောင်းများကို အသီးသီးတွေ့မြင်ရစဉ် -(ဓါတ်ပုံ – CJ)

## စစ်အုပ်စုနှင့် ချုပ်ဆိုထားသည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို တာဝန်ယူမည် မဟုတ်ကြောင်း NUG လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ညွှန်ကြားချက် ထုတ်ပြန်ခဲ့ဟုသိရ

သတင်းတို ရင်းမြစ် – PVTV မှ

## ပြင်ဦးလွင်၊ အနီးစခန်း၌ စစ်အုပ်စုလေယာဉ် ပျက်ကျသဖြင့် နေပြည်တော်ရှိ ဈေးကုန်းဆရာတော်အပါအဝင် (၁၂)ဦးခန့် သေဆုံး၊ (၂)ဦး ဒဏ်ရာပြင်းထန်ရရှိဟုသိရ

သတင်းတို ရင်းမြစ် – RFA မှ

## စစ်ကိုင်း၊ ကနီမြို့နယ်၊ ယာကြီးနှင့်သလင်း ကျေးရွာအကြားတိုက်ပွဲအတွင်း စစ်အုပ်စုမှ(၉)ဦးခန့် သေဆုံးခဲ့

သတင်းတို ရင်းမြစ် – ဧရာဝတီ မှ

## ကယားပြည်နယ်၊ ဒီးမော့ဆို၌ စစ်အုပ်စုကို ဆက်လက်ခုခံရန် လက်နက်ခဲယမ်းများအခက်အခဲဖြစ်နေဟုသိရ

သတင်းတို ရင်းမြစ် – မြန်မာနောင်း မှ

## ဆိပ်ကမ်းမြို့နယ် ကြံ့ဖွံ့အမတ်ဟောင်း နေမျိုးအောင် သေနတ်နှင့် ပစ်သတ်ခံရပြီး စစ်အာဏာသိမ်းအပြီး ကြံ့ဖွံ့ပါတီမှ အသတ်ခံရသူ(၇၀)ခန့်ရှိဟုသိရ

သတင်းတို ရင်းမြစ် – ဧရာဝတီ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့်ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

**ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၉)ရက်အထိ**

ကျဆုံးသူဦးရေ – ၈၅၈ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၉၄၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၃၆ ဦး

ရင်းမြစ် – အေအေပီပီမှ

the voice of spring
11.6.2021 · Friday · No . 65 · Daily News Pamphlet

# သတင်းမှတ်စု

ဇွန်လ(၁၀)ရက်၊ ၂၀၂၁

- နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ နှင့် ဇွန်(၉)ရက်က ထပ်မံ တရားစွဲဆိုလိုက်ပြီး နေပြည်တော်မြို့တော်ဝန် ဦးမျိုးအောင်၊ ဒုမြို့တော်ဝန် ဦးရဲမင်းဦးနှင့် နေပြည်တော်စည်ပင်ဥက္ကဋ္ဌ ဦးမင်းသူတို့ကိုလည်း အဂတိတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃ နှင့် ထပ်မံအမှုဖွင့် တရားစွဲဆိုခဲ့ဟုသိရ။
- ရွေးကောက်ပွဲအနိုင်ရ NLD ကိုယ်စားလှယ်များအား NUG, CRPH နှင့် PDF တွင် မပါဝင်ကြောင်း ဖိအားပေး လက်မှတ်ထိုးခိုင်းမှုများကို စစ်အုပ်စုက လုပ်ဆောင်နေပြီး ၎င်းမှာ တရားမဝင်ကြောင်း NLD ပါတီဗဟိုအလုပ် အမှုဆောင်အဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့ဟုသိရ။
- စစ်အုပ်စုက အမှုဖွင့် ဖမ်းဆီးရန် ကြိုးစားနေသည့် မန္တလေးလူထုသပိတ် ခေါင်းဆောင် ဒေါက်တာတေဇာဆန်းကို တောင်ကိုရီးယားနိုင်ငံက ဇွန်အရေးအခင်း ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခဲ့ဟုသိရ။
- စစ်အုပ်စု၏ဒေါက်တိုင်များကိုရှင်းလင်းခြင်း၊ စစ်ဘက်ဆိုင်ရာ အဆောက် အအုံများကို တိုက်ခိုက်ခြင်း၊ စစ်အုပ်စု ထောက်ပံ့ရေးလမ်းကြောင်းများကို ဖြတ်တောက်ခြင်း၊ စစ်ဘေးသင့်ပြည်သူများကို ကူညီခြင်းနှင့် စစ်အုပ်ကို တော်လှန်သည့်အဖွဲ့အစည်းများနှင့် လက်တွဲချိတ်ဆက် ဆောင်ရွက်ရန် ဖက်ဆစ်ဆန့်ကျင်ရေး လက်ရုံးတပ်ဖွဲ့ (ဖ.ဆ.လ.တ) ကို ဖွဲ့စည်းထားဟုသိရ။





- မတ္တရာမြို့နယ်၊ မန္တလေး-မိုးကုတ်ကားလမ်းဘေးရှိ တံတားဖြူရွာ၌ ပျူစောထီးအဖွဲ့ ဦးဆောင်သူဟု ဒေသခံများက သတ်မှတ်ထားသည့်ဦးခင်ဝင်းကို ဆိုင်ကယ်စီးလာသူနှစ်ဦးက နောက်စေ့အား သေနတ်နှင့် ပစ်သတ်ခဲ့ကာ ထွက်ပြေးလွတ်မြောက်ခဲ့ဟုသိရ။
- ဒဂုံဆိပ်ကမ်းမြို့နယ် ကြံ့ခိုင်ရေးပါတီအမတ်ဟောင်း ဦးနေမျိုးအောင်မှာ နေ့လယ်ပိုင်းက ဗိုလ်တထောင် ဘုရားဈေး၌ ဦးခေါင်းကို သေနတ်နှင့် နစ်ချက်ပစ်ခံရကာ သေဆုံးခဲ့။
- မြင်းခြံမြို့ ဇလပ်ကုန်းရွာရှိ စစ်ကျွန်အုပ်ချုပ်ရေးမှူးတဦးမှာ ဇွန်(၉)ရက်၊ ညနေ(၅)နာရီခန့်က မြင်းခြံ-ဇလပ်ကုန်းကြား ဆည်တာဘောင်အနီး၌ လည်ပင်းတွင် ဓားဒဏ်ရာနှင့် သေဆုံးလျက် တွေ့ရှိခဲ့ဟုသိရ။
- ပြည်မြို့၊ ရွှေတံခါးဈေးအနီး၌ ဇွန်(၉)ရက်၊ ည(၈)နာရီခန့်က ဒေသခံများက စစ်အုပ်စုသတင်းပေး ကိုဝ ဆိုသူမှာ လေသနတ်နှင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ဟုသိရ။
- ရွှေကူမြို့နယ် ရဲစခန်းနှင့် သဘော်ဆိပ်ရှိ စစ်အုပ်စုတပ်ဖွဲ့မှာ ဇွန်(၉)ရက်၊ ည(၁၀)နာရီခန့်က တိုက်ခိုက်ခံခဲ့ပြီး ရွှေကူ PDF နှင့် KIA တို့က တိုက်ခိုက်ခြင်း မဟုတ်ဟုသိရ။
- သိန္နီမြို့အဝင်၌ စစ်အုပ်စု တပ်မ(၉၉)က ကားလမ်းများပိတ်ထား၍ တိုက်ပွဲ မဖြစ်ပွားဘဲ အကြောင်းမဲ့တနာရီကြာ ပစ်ခတ်ခဲ့။
- ရှမ်း၊ လားရှိုးတက္ကသိုလ်အနီးတွင် နံနက်(၈)နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူ(၂)ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့ဟုသိရ။
- ရှမ်း၊ တာချီလိတ်မြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ ဇွန်(၉)ရက်၊ ည(၇)နာရီခွဲခန့်က ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ၎င်းတိုက်ခိုက်မှုမှာ တာချီလိတ် PDF မဟုတ်ဟု ထုတ်ပြန်ခဲ့ဟုသိရ။
- မန္တလေး၊ တပ်ပေါင်းစု၊ မြဲတောင်၊ ရတနာပုံတက္ကသိုလ်၊ အမရပူရ၊ အောင်ပင်လယ်၊ စက်မှု၊ သံဃသမဂ္ဂ။ ပုလိပ်။ မြင်းခြံ။ ပြည်။ ညောင်ဦး။ မုံရွာ။ ဘုတလင်၊ ကျေးရွာပေါင်းစုံ။ ကန့်ဘလူ၊ ထန်းကုန်းရွာ။ ဖောင်းပြင်၊ မောက်စဖာရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ ရေဦး။ တန့်ဆည်။ မြိုင်။ ထီးချိုင့်မြို့နယ်၊ မြဲတောင်ရွာ။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ သရက်ချောင်း၊ ပိန်းတောရွာ။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ်ကျေးရွာများ။ ဖားကန့်မြို့၊ နမ္မတီး၊ တာမခန်၊ အေးမြသာယာ။ မိုးကောင်း။ မွန်၊ ပေါင်။ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီ သောသပိတ် စစ်ကြောင်းကြီးများနှင့် ချီတက်ဆန္ဒဖော် ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – မဇ္ဈိမ

## ငါတို့နိုင်ငံတော်



ဒီနွေဦးမှာ
တော်လှန် ပုရစ်တွေ ဖူးခဲ့တယ်။

စိတ်တူကိုယ်တူ
ပြည်သူက ပြည်သူနဲ့ပူးပေါင်း
အားလုံးဟာ
ခေါင်းဆောင်တွေ ဖြစ်ခဲ့တယ်။


တော်လှန်သွေးနဲ့
ဘာသာရေးကို သစ်စေတယ်
ပညာရေးကို သစ်စေတယ်
နိုင်ငံရေးကို သစ်စေတယ်။

ဖားနဲ့ငါး ကွဲသလို
သွေးနည်းသူလည်း ရှိခဲ့တယ်။

ဘာပဲဖြစ်ဖြစ်
မိုးဦးသစ်လို့
နိုင်ငံတော်အဖြစ်နဲ့ စိမ်းလန်း
ငါတို့အားလုံး
အချစ်နဲ့ ငြိမ်းချမ်းစေရမယ်။

လကျာ်ဇ ■

## The Voice Of Spring Cartoon




fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

နွေဦးစကား ဒို့ပြောကြား

"ပညာမတတ်ဘဲ့ရ စစ်ကျွန်ပညာရေး ငါတို့ အလိုမရှိ"